မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
February 24 , 2026 Volume 99 , Number 14

**၂၄. ၂.၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၃.၉၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၆.၇၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၀.၉၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၄.၈၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၈.၆၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၅၇ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ၅ နှစ်အတွင်း မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅၀၀ ဘီလီယံဝင်ရောက်ရန် ရည်မှန်းထားဟုဆို



၅ နှစ်တာကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ ဝင်ရောက်ရန် ရည်မှန်းထားကြောင်း မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)က ဆိုထားပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေးကိုအခြေခံပြီး ရင်းနှီးမြှုပ်နှံမှုနဲ့ကုန်သွယ်မှုကဏ္ဍတွေမှာ တိုးတက်မှုတွေရရှိစေဖို့ရည်ရွယ်ချက်နဲ့ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (Myanmar-China Investment and Trade Promotion Association MCITP)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၃၁ရက် က တရားဝင်စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါအသင်းအနေဖြင့် အခု၂၀၂၆ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိကာလအတွင်း တရုတ်နိုင်ငံမှမြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ ဝင်ရောက်လာစေရန်ရည်မှန်းထားသလို နှစ်နိုင်ငံကုန်သွယ်မှုပမာဏကိုလည်း အမေရိကန် ဒေါ်လာ ၁၀၀ ဘီလီယံအထိ ရောက်ရှိစေရန် ရည်မှန်းထားတယ်လို့ သိရပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ၉ လအတွင်း တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ အမေရိကန် ဒေါ်လာ ၉၇ ဒသမ ၀၂၃ သန်း ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှုတွင် ဒုတိယအများဆုံးဖြစ်ကြောင်း သိရပါတယ်။

အလားတူပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်းမှာလည်း မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၉၄ သန်းကျော်ရှိခဲ့ကြောင်း ထုတ်ပြန်ချက်စာရင်းတွေအရ သိရပါတယ်။

**Source:** https://opinionleadersmedia.com/

## ဖြစ်ထွန်းအောင်မြင်နေသော ဆောင်းပဲပုပ်များ



မြင်းခြံမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းရာသီ၌ ပဲပုပ်သီးနှံကို အားထားစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးချိန်မှာ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလတို့တွင် စတင်ရိတ်သိမ်းထွက်ပေါ်မည်ဖြစ်ကြောင်း၊ ဆောင်းပဲပုပ်များကို အနိမ့်ကျေးရွာ၊သဲဖြူဝကျေးရွာ၊ဖိုးတုတ်ဖြူကျေးရွာ ၊ ကူရွာ၊ ကတောကျေးရွာနှင့် ဖက်ပင်အိုင်ကျေးရွာတို့တွင် စိုက်ပျိုးထားကြောင်းသိရသည်။

ယခု၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပဲပုပ်(ဆောင်း)လျာထား ၆၂၀၀ ဧကတွင် စိုက်ပျိုးပြီးဧက ၆၂၀၅ ဧကစိုက်ပျိုးထားကြောင်း လျာထားချက်ထက် ၅ ဧကကျော် ပိုမိုစိုက်ပျိုးထားကြောင်း မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

၂၀၂၆ခုနှစ်၊ဖေဖော်ဝါရီလကုန်တွင်မှစ၍ ဆောင်းပဲပုပ်များရိတ်သိမ်းထွက်ပေါ်မည်ဖြစ်ကြောင်း၊ စီပီအက်စ်-၃ သက်လျင်မျိုးနှင့် စီပီအက်စ်-၂သက်လက်မျိုးတို့ကို အစေ့ထုတ်ပြောင်း၊ နေကြာသီးနှံတို့ဖြင့် တန်းခြားစိုက်ပျိုးထားကြောင်း သိရသည်။

ယခင်နှစ်အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။ မြင်းခြံမြို့အတွင်းရှိ ပွဲရုံများ၌ ၂၀၂၆ ခုနှစ်၊ဖေဖော်ဝါရီလတွင် ပဲပုပ်တစ်တင်းလျှင် ၁၁၀,၀၀၀ ကျပ်ခန့်ပေါက်ဈေးများဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ၊နေ့စဉ်အိတ်ရေ ၂၀-၃၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှသိရသည်။

**Source: DOCA(မန္တလေး)**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁၈-၂-၂၀၂၆ မှ ၂၁-၂-၂၀၂၆) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၃,၀၆၄,၀၀၀၊ မတ်ပဲ SQ/RC (2025 Crop) ကျပ် ၃,၄၀၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၆၃,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၄၈,၀၀၀ နှင့် မတ်ပဲ SQ/RC (2025 Crop) ကျပ် ၅၃,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂၃,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၂၅၅ လုံး (တန်ချိန် ၆၁၂၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop)ကွန်တိန်နာ ၁၂၅ လုံး (တန်ချိန် ၃၀၀၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်မတ်ပဲFAQ/RC(2025 Crop) ကွန်တိန်နာ ၁၅၅ လုံး (တန်ချိန် ၃၇၂၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop)ကွန်တိန်နာ ၇၀ လုံး(တန်ချိန် ၁၆၈၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၀၀ လုံး(တန်ချိန် ၂၄၀၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၆,၅၀၀၊ မြားနီ(သစ်) ကျပ် ၁၆,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၄,၅ ၀၀ ၊ဟသ်ာတမိုးထောင် ကျပ် ၁၅,၀၀၀ နှင့် ဧးပွပု(သစ်) ကျပ် ၂၁,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၅၀၀ နှင့် ဆင်ဖြူကျွန်း(ပု) ကျပ် ၃,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစား များမှာဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၄၀၀၀ (၂၈၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၄၀ (၅,၁၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၆၃၀၀ (၁၂၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၆၀၀ (၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ငရုတ်ရှည်အိတ်ပေါင်း ၇၇၀၀ (၁၅၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၂၆၀ (၃,၉၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ် ၆၀၀၀ နှင့် မန်ကျည်း အသား(သစ်) ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၃၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၆၀၀၊ ရေစကြို ထန်းလျက် (သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၄၃၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာ နှင့် သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၈-၂-၂၀၂၆ မှ ၂၁-၂-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၇၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၈၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၈၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၀ ၊ မြစ်သားသစ်ရှယ် ကျပ် ၂၄၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၂၅၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၂၄၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၅၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇၀ စီး(၁,၀၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄၀ စီး (၈၄၀,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၂၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၃

ကျပ် ၇၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၈၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၂၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၁၄၈၀ (၃၉,၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၇၄၅ (၈၂,၃၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၂၆၅ (၃၇,၉၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့်တရုတ်မှ အာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၃၃၀၀၊ အောင်ပန်း OK ကျပ် ၃၃၀၀၊ အောင်ပန်း S1 ကျပ် ၃၃၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အာလူးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၂၉ စီး (၁၇၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကား စီးရေ ၂၂ စီး (၁၃၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၇ စီး (၄၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပွင့်လင်းရာသီရောက်လာသော်လည်း ပြည်ပမှ Import အဝင် ကွန်တင်နာအရေအတွက် နည်းပါးနေ



ပွင့်လင်းရာသီရောက်လာသော်လည်း ပြည်ပမှ Import အဝင် ကွန်တင်နာ အရေအတွက်နည်းပါးနေကြောင်း မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၊ ပြန်ကြားရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါအသင်းမှ ကွန်တင်နာယာဉ်များအနေဖြင့် ၉၀ ရာခိုင်နှုန်းခန့်သည် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများမှ တစ်ဆင့် ရန်ကုန်မြို့ရှိ စက်မှုဇုန်၊ဂိုဒေါင်များသို့ အများဆုံးပြေးဆွဲနေပြီး ကျန်ရာခိုင်နှုန်းများကို Highwayလမ်းမတွင်ပြေးဆွဲနေကြောင်းသိရသည်။

"မြို့တွင်းကတော့ အခက်အခဲမရှိပါဘူး။ အဝေးပြေးသွားရင်တော့ လမ်းမှာ ကုန်ကျစရိတ်တွေ ဟိုးအရင်ကထက်တော့ ပိုများတာပေါ့။ ဂိတ်ကြေးကတော့ ပုံမှန်ပါပဲ။ တက်ခြင်း၊ ကျခြင်းမရှိပါဘူး။ အခြားကုန်ကျငွေကို ဆိုလိုတာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါကုန်သေတ္တာတင်မော်တော်ယာဉ်များသည် ယခုအချိန်တွင် နယ်စပ်များသို့ ပြေးဆွဲခြင်းမရှိတော့ဘဲ နယ်မြေတည်ငြိမ်သည့်နေရာများကိုသာပြေးဆွဲနေကြောင်း၎င်းကဆိုသည်။

" Export ကတော့ ပုံမှန်ပါပဲ။ အခုရာသီက ပွင့်လင်းရာသီပေါ့။ ကျွန်တော်တို့လောကရဲ့ ပွင့်လင်းရာသီဆိုရင် Export တွေက တက်လာပါတယ်။ ဟိုးအရင်တုန်းကဆိုရင် Export Volume တက်လာတာနဲ့အမျှ Import Volume လည်းများလာတယ်။ အဲဒီလိုကျတော့ ဒီလိုရာသီ ၁၁ လ ပိုင်း၊ ၁၂ လ ပိုင်းလောက်ကနေ ၄ လပိုင်း ၊ ၅လပိုင်း မိုးမဝင်ခင်အထိက ကွန်တင်နာကားတွေကအလုပ်ကောင်းတဲ့ရာသီပေါ့။သာမန်အခြေအနေမှာဆိုရင် အခုကတော့Exportကတော့အရင်လိုပဲ များပါတယ်။ ဒါပေမဲ့ Import ကတော့အကန့်အသတ်လေးတွေရှိနေတော့ပမာဏလေးကတော့နည်းသွားပါတယ်"ဟု၎င်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းတွင် အသင်းဝင်ကားစီးရေ ၂၁၀၀ ဝန်းကျင်ရှိပြီး အသင်းဝင်လူဦးရေ ၄၅၀ခန့်ရှိကြောင်းသိရသည်။

လက်ရှိတွင် ခရီးစဉ်အကွာအဝေးပေါ်မူတည်၍ကုန်သေတ္တာတင်မော်တော်ယာဉ်ငှားရမ်းခနှုန်းများကို ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်မှစတင်ကာ ငွေကျပ် ၄၀,၀၀၀ မှ ငွေကျပ် ၁၀၀,၀၀၀ ကျော်အထိ တိုးမြှင့်ကောက်ခံနေကြောင်း သိရသည်။

**Source : https://npnewsmm.com/**

## တရုတ်နှစ်သစ်ကူးအတွက်ထိုင်းနှင့် ဘရာဇီးနိုင်ငံတို့မှဝက်သားတင်သွင်းရန် မလေးရှားတိရစ္ဆာန် ဆေးကုသရေးဌာန DVS အတည်ပြု



ယခုနှစ်တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် ထိုင်းနှင့် ဘရာဇီးနိုင်ငံတို့မှဝက်သားတင်သွင်းမှုကို မလေးရှား တိရစ္ဆာန်ဆေးကုသရေးဌာန (DVS) မှ အတည်ပြုလိုက်ကြောင်း သိရသည်။

တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း ပြည်တွင်းလိုအပ်ချက်ကို အထောက်အကူပြုနိုင်ရန်လုံလောက်သော ဝက်သားထောက်ပံ့မှုရရှိစေရေးအတွက် မလေးရှားနိုင်ငံအစိုးရအနေဖြင့် အထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရတင်သွင်းလာသောဝက်သားအားလုံးသည် ဘေးကင်းစိတ်ချရသော စားနပ်ရိက္ခာ ထောက်ပံ့မှု ကွင်းဆက်ဖြစ်စေရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှုအရ အန္တရာယ်ကို လျော့ချနိုင်ရန်အတွက် တင်းကျပ်သော စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးထိန်းချုပ်မှုများနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (SOPs) နှင့်အညီ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားဝက်သားထုတ်ကုန် တင်သွင်း/တင်ပို့သူများအသင်း (Malaysia Association of Pork Products Importers and Exporters) ဥက္ကဋ္ဌ Datuk Lai Poh Chan ကထိုင်းနိုင်ငံတွင်ပြီးခဲ့သည့်တစ်နှစ်မှနှစ်နှစ်အတွင်း အာဖရိကဝက်အပြင်းဖျားရောဂါ (ASF) ဖြစ်ပွားမှုများရှိခဲ့ကြောင်း၊ ထိုဝက်များတွင် Streptococcus Suis ဘက်တီးရီးယားများလည်း တွေ့ရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် ယခင်က ASF ရောဂါဖြစ်ပွားသည့်နိုင်ငံများမှလာသော ဝက်နှင့်ဝက်အသားထွက်ပစ္စည်းများ (အသားခြောက်နှင့်စည်သွပ်ဘူးများအပါအဝင်)ကိုစီးပွားဖြစ်တင်သွင်းသည်ဖြစ်စေ၊ ခရီးသွားများသယ်ဆောင်လာသည်ဖြစ်စေ တင်းကျပ်စွာထိန်းချုပ်ကန့်သတ်ခဲ့ဖူးကြောင်း၊ မလေးရှားနိုင်ငံ၏ ပြည်တွင်းဝက်မွေးမြူရေးလုပ်ငန်းသည် ASF ရောဂါဒဏ်မှ ပြန်လည်နာလန်ထူစသာရှိသေးပြီး ပြည်ပသွင်းကုန်များ ပိုမိုများပြားလာပါက ဖိအားများ ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း မစ္စတာ Lai က ဆက်လက်ပြောကြားခဲ့သည်။

Source : DOCA(ရန်ကုန်)

## အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သည့် အီသနော‌ပမာဏ၏ထက်ဝက်နီးပါးမှာ ပြောင်းသီးနှံမှ ထုတ်လုပ်ခြင်းဖြစ်

အိန္ဒိယနိုင်ငံ၏ အီသနောရောစပ်ခြင်းအစီအစဉ်တွင် ပြောင်းသီးနှံ၏ အခန်းကဏ္ဍသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်(နိုဝင်ဘာလမှ အောက်တိုဘာလအထိ) အီသနောထောက်ပံ့မှုနှစ်(Ethanol Supply Year-ESY) အတွင်း သိသိသာသာအားကောင်းလာခဲ့ပြီး ယင်းသည် ကုန်ကြမ်းအသုံးပြုမှုပြောင်းလဲလာခြင်းကို ရှင်းလင်းစွာထင်ဟပ်စေကြောင်း သိရသည်။

အီသနော၊ ဇီဝစွမ်းအင်နှင့် အရက်ထုတ်လုပ်သူများ၏ ကုန်သွယ်ရေးအဖွဲ့ဖြစ်သော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အရက်ချက်လုပ်သူများအသင်း (All India Distillers Association-AIDA)မှ မျှဝေထားသော နောက်ဆုံးအချက်အလက်များအရ နိုဝင်ဘာ လမှ အောက်တိုဘာလအတွင်း အီသနောစုစုပေါင်းထုတ်လုပ်မှု၏ ထက်ဝက်နီးပါး(ခန့်မှန်းခြေ ၄၈ ရာခိုင်နှုန်း) မှာ ပြောင်းသီးနှံကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခင်ထောက်ပံ့မှုနှစ်တွင် ၄၂ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ သိသိသာသာတိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ပြောင်းသီးနှံသည်အစဉ်အလာအရအသုံးပြုခဲ့သည့် ကြံအခြေခံကုန်ကြမ်းများကို ကျော်လွန်၍ နိုင်ငံအတွင်း အီသနောထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် အဓိကကုန်ကြမ်းဖြစ်လာခဲ့ကြောင်းသိရသည်။

"ယခုနှစ် အီသနောခွဲတမ်းစုစုပေါင်းအနက် ပြောင်းအခြေခံထုတ်လုပ်မှုသည် အစိုးရ၏ အားပေးသောမူဝါဒများနှင့် ဝယ်ယူသည့် စျေးနှုန်းမြင့်တက်လာမှု(ပြောင်းအခြေခံအီသနောတစ်လီတာလျှင် ရူပီး ၇၁ ဒသမ ၈၆)တို့ကြောင့် မကြုံစဖူးတိုးတက်လာခဲ့ပါတယ်" ဟု AIDA က ထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။

ပျက်စီးသွားသောအစာ အစာ ကောက်ပဲသီးနှံများနှင့်ပိုလျှံသောကောက်ပဲသီးနှံများအပါအဝင် အခြားသောအစေ့အဆန်များ၊ ကြံရည်၊ B-heavy တင်လဲရည်နှင့်C-heavy တင်လဲရည်တို့သည်လည်း ကုန်ကြမ်းအဖြစ် မျှတစွာပါဝင်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အီသနောထောက်ပံ့မှုအစီအစဉ်သည် အားကောင်းသော အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ပေါ်နေပြီး စာချုပ်ချုပ်ဆိုထားသည့် ပမာဏလီတာ ၁,၁၆၃ ကုဋေတွင် စုစုပေါင်းထောက်ပံ့မှုမှာ လီတာ ၁,၀၃၉ ကုဋေခန့်အထိရှိခဲ့ရာ ၈၉ ရာခိုင်နှုန်း အထိပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

ပြောင်းနှင့်ဆန်တို့အပါအဝင် အစေ့အဆန်အခြေခံကုန်ကြမ်းစုစုပေါင်းမှာ လီတာ ၇၁၈ ကုဋေရှိပြီး ထောက်ပံ့ပေးခဲ့သည့် အီသနောပမာဏ၏ ၆၉ ရာခိုင်နှုန်းနီးပါးအထိ ပါဝင်ခဲ့ရာ ယင်းသည် ယခင်နှစ်က ၅၉ ရာခိုင်နှုန်းရှိခဲ့ရာမှ တိုးတက်လာခြင်းဖြစ်ကြောင်းသိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ကြံအခြေခံကုန်ကြမ်းများမှာ လီတာ ၃၂၀ ကုဋေ(သို့မဟုတ် ၃၁ ရာခိုင်နှုန်း)ရှိခဲ့ပြီး ယခင်နှစ်က ၄၁ ရာခိုင်နှုန်းရှိခဲ့ရာမှ လျော့ကျသွားခဲ့ကြောင်း သိရသည်။

**Source: The Hindu Businessline, Maize now accounts for close to half of ethanol produced in India, February 19, 2026.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (24.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Feb. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,068 (Shares) | 80,521,750 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +200 | +2.30% | 8,700 | 8,900 | 8,700 | 40 | 354,000 | 33,109,694 | 294,676 |
| MTSH | 00002 | 5,000 | +600 | +13.64% | 4,600 | 5,000 | 4,600 | 5,950 | 28,254,600 | 38,929,150 | 194,646 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 3 | 24,900 | 10,400,986 | 86,328 |
| FPB | 00004 | 3,200 | +100 | +3.23% | 3,100 | 3,200 | 3,100 | 9,234 | 29,103,900 | 29,664,613 | 94,927 |
| TMH | 00005 | 2,950 | -100 | -3.28% | 2,950 | 2,950 | 2,950 | 801 | 2,362,950 | 12,823,224 | 37,829 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,650 | 1,600 | 7,229 | 11,566,700 | 19,977,223 | 31,964 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 0 | 0 | 10,497,598 | 41,466 |
| MAEX | 00008 | 3,200 | +100 | +3.23% | 3,150 | 3,200 | 3,150 | 2,811 | 8,854,700 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 24th Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 454.89 | +16.97 | +3.88% | 440.84 | 454.89 | 440.84 | 26,068 | 80,521,750 | 8 | 858,012 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 24th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 28,280 (Shares) | 86,842,150 (MMK) |

### Main Board

As of 1:00 pm, 24th Feb. 2026

Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 26,068 (Shares) | 80,521,750 (MMK) |

| MYANPIX | 454.89 ▲ 16.97 |
|---|---|
| Total Volume (shares) | 26,068 |
| Total Value (MMK) | 81 mil |
| Listed Company | 8 |
| Market Cap. (MMK) | 858,012 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 200 |
| MTSH | 00002 | 5,000 | ▲ 600 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 3,200 | ▲ 100 |
| TMH | 00005 | 2,950 | ▼ 100 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 100 |